**JUSTICE FOR MYANMAR**

# Justice For Myanmar မှ Kirin ၏ ထုတ်ပြန်ကြေညာချက်ကို တုန့်ပြန်၊ Kirin အနေဖြင့် ပွင့်လင်းမြင်သာမှုရှိရန်နှင့် မြန်မာစစ်တပ်နှင့် အဆက်အသွယ်ဖြတ်တောက်ရန်တို့ကို တောင်းဆို။

*ဇန္နဝါရီ ၇ ရက်နေ့၊ ၂၀၂၁ ခုနှစ်။ မြန်မာနိုင်ငံ* - Kirin နှင့် မြန်မာစစ်တပ် စီးပွားရေးလုပ်ငန်းအုပ်စုကြီးဖြစ်သော မြန်မာ့စီးပွားရေးဦးပိုင်တို့၏ ပူးတွဲစီးပွားရေးလုပ်ငန်းမှ အမြတ်အစွန်းများ မည်သည့်နေရာသို့ အဆုံးသတ်ရောက်ရှိသွားသည်ဆိုသည့်အပေါ် Deloitte ၏ အကဲဖြတ်သုံးသပ်မှု နိဂုံးချုပ်တွေ့ရှိချက်ကို Kirin မှ ယနေ့တွင် ထုတ်ပြန်ကြေညာပါသည်။ ၎င်းတို့၏ သတင်းထုတ်ပြန်ချက်အရ တွေ့ရှိချက်များသည် ရေရာသေချာမှုမရှိဟု ဆိုသည်။ Justice For Myanmar က Kirin အနေဖြင့် ထိုအကဲဖြတ်သုံးသပ်ချက်ကို အများပြည်သူသိအောင် ပြုလုပ်ပေးရန်၊ မြန်မာ့စီးပွားရေးဦးပိုင်နှင့် ဆက်သွယ်မှု ဖြတ်တောက်ရန် တောင်းဆိုလိုက်သည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** *"Kirin အနေနဲ့ ပွင့်လင်းမြင်သာမှု ရှိရမယ်၊ Deloitte ရဲ့ အကဲဖြတ်သုံးသပ်ချက်ကို အများပြည်သူသိအောင် ထုတ်ပြန်ပေးရပါလိမ့်မယ်။ မြန်မာပြည်က စစ်တပ်စီးပွားရေးနဲ့ ပတ်သက်တဲ့ သူတို့ရဲ့ ဆက်ဆံရေးတွေကို ပြန်လည် အကဲဖြတ်သုံးသပ်မှုတွေကို လုပ်မယ်လို့ Kirin စကြေညာထားတာ တစ်နှစ်တောင်ကျော်သွားပြီ။ သူတို့ရဲ့ စီးပွားရေးထောက်ပံ့မှုကြောင့် ရရှိတဲ့ အကျိုးအမြတ်တွေနဲ့ စစ်ရာဇဝတ်မှုကျူးလွန်သူများ ဦးဆောင်တဲ့ စစ်တပ်ကို ထောက်ပံ့ပြီး ကြွယ်ဝချမ်းသာစေခဲ့တယ်ဆိုတဲ့ သက်သေအထောက်အထားတွေဟာ ပြည့်စုံတာထက်တောင် ပိုများပါသေးတယ်။ မြန်မာ့စီးပွားရေးဦးပိုင်နဲ့ Kirin က စီးပွားရေးဆက်လုပ်နေသမျှ ကျမတို့တိုင်းပြည်က တိုင်းရင်းသား လူထုအသိုင်းအဝန်းပေါ် အခုအထိ ဆက်လက်ကျူးလွန်နေတဲ့ စစ်ရာဇဝတ်မှုတွေ၊ လူသားဖြစ်မှုအပေါ် ဆန့်ကျင်တဲ့ ရာဇဝတ်မှုတွေမှာ သူတို့ဟာ ပူးပေါင်းကြံစည်နေသူများ ဖြစ်ပါတယ်။ နောက်ထပ် နှောင့်နှေးနေမှုကို လက်ခံနိုင်စရာ မရှိပါဘူး။ Kirin အနေနဲ့ ဆင်ခြေပေးနေတာတွေကို ရပ်ဆိုင်းပြီး ရင်းနှီးမြှုပ်နှံမှုတွေ ပြန်ရုပ်သိမ်းဖို့ အချိန်ရောက်ပါပြီ။"* ဟု ဆိုပါသည်။

**အယ်ဒီတာများသို့ မှတ်ချက်**

**Justice For Myanmar** သည် မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့်တာဝန်ခံမှုရရှိစေရေး အတွက် စည်းရုံးလှုံ့ဆော်နေသည့် အမည်မဖော်လိုသော တက်ကြွလှုပ်ရှားသူ တစ်စုဖြစ်ပြီး ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရှေးရှုလျက် စစ်တပ် စီးပွားရေးလုပ်ငန်းများအားလုံး ရပ်ဆိုင်းရန် တောင်းဆိုလျက်ရှိသည်။

မြန်မာ့စီးပွားရေးဦးပိုင်လိမိတက် (MEHL) မှ အမြတ်အစွန်းများ မြန်မာစစ်တပ်ကို တစ်လျှောက်လုံး မည်ကဲ့သို့ပံ့ပိုးနေသည်ကို Justice For Myanmar မှမျှဝေထားသော MEHL အချက်အလက်များကို အသုံးပြုရေးထားသည့် Amnesty International ၏ "စစ်တပ်လိမိတက်" အစီရင်ခံစာအား ဤတွင် အသေးစိတ် ဖတ်ရှုပါ။

Kirin ၏ကြေငြာချက်အား ဤနေရာတွင် ဖတ်ရှုပါ။

https://www.kirinholdings.co.jp/english/news/2021/0107_02.html


**ထပ်မံသိရှိလိုပါက -**

**ရတနာမောင်**

အီးမေးလ် - media@justiceformyanmar.org

ဝက်ဘ်ဆိုဒ် - https://www.justiceformyanmar.org/

ပုံတူဝက်ဘ်ဆိုဒ် - https://justiceformyanmar.github.io/justiceformyanmar.org/

တွစ်တာ - @justicemyanmar

ဖေ့ဘုတ် - https://www.facebook.com/justiceformyanmar.org/